
နယ်နမိတ်
(ငမိုးရိပ်)
ခွေးသရဲနှင့်
နပန်းလုံးသောည

# ခွေးသရဲနှင့် နပန်းလုံးသောည

မနေ့က ရှစ်နာရီကားနဲ့ ရွာပြန်ခဲ့တယ် ဒီနေ့မနက် ရွာရောက်တယ်။ ရွာနဲ့ ရန်ကုန်က အတော်ဝေးတယ်။ ကားကို ရှစ်နာရီလောက် စီးရတယ်။ ကျွန်တော်က မန္တလေးတိုင်း တံတားဦးမြို့နယ် ဝွေးကုန်းရွာမှာ မွေးတာဆိုတော့ တစ်နှစ်ကို တစ်ခေါက် ရွာပြန်ဖြစ်တယ်။ ခုလည်း သီတင်းကျွတ် ဘိုးဘွားများကို ကန်တော့ဖို့ ရန်ကုန်ကနေ ပြန်လာခဲ့တယ်။

အညာဆိုတော့ ရန်ကုန်ထက် နေပူတယ်ဗျ။ ရွာမှာ လေကောင်းလေသန့်တော့ ရတယ်ဗျ။ နေ့လယ်ဆို အိမ်အပြင်တောင် မထွက်ရဲဘူး။ နေပူဒဏ်ကို မခံနိုင်လို့ အိမ်မှာ နေရတာ ပျင်းတာနဲ့ အိမ်တကာကို လိုက်လည်မယ် စိတ်ကူးပြီး ထီးလေးယူကာ ထွက်လာခဲ့တယ်။

ရွာလမ်းအတိုင်း လျှောက်လာတာ နှစ်အိမ်ကျော်လောက်လည်း ရောက်ရော ဦးလေးနဲ့ တွေ့တော့တာပဲ ဦးလေးက ကျွန်တော့်ကို မြင်တော့ ဝမ်းသာအားရနဲ့ နှုတ်ဆက်စကား ဆိုတယ်။

"ဟာ ငါတူကြီး ရန်ကုန်သူလေးတွေ မပါဘူးလားကွ"

"ဟာ ဦးလေးကလည်း ဗျာ ကျွန်တော်က ငယ်သေးတယ်လေ မိန်းမ မယူသေးပါဘူးဗျာ"

"ဟုတ်မှ လုပ်ပါ မောင်ရာ ငါတော့ မယုံဘူး ရည်းစား ဘယ်နှ

ယောက် ရနေပြီလဲ။ မလိမ်နဲ့ နော် မှန်မှန်ဖြေ"

"တကယ် ပြောတာပါဗျာ။ ဘာရည်းစားမှ မရှိဘူး"

"ကဲ လာကွာ သစ်ပင်အောက် သွားပြီး စကား အေးဆေး ပြောရအောင်"

"ရပ့ါဗျာ ကျွန်တော်က အလုပ် မရှိဘူးနော်။ ဦးလေး မိန်းမက ဆူနေဦးမယ်။ မိန်းမလည်း နိုင်တာ မဟုတ်ဘဲနဲ့ "

ပြောရဦးမယ်ဗျ။ ကျွန်တော့် ဦးလေးက အရင်တုန်းက ရွာမှာ ပျိုတိုင်းလိုလိုနဲ့ ကြိုက်ခဲ့တာဗျ။ ခုသူယူတဲ့ မိန်းမနဲ့ ရည်းစားဖြစ်တော့ ဘာမှ မလုပ်ရဲဘူး အရင်လိုလည်း ပွေလို့ မရဘူး မရသေးတဲ့ မိန်းမကို ကြောက်ရတယ် အဲဒီ အချိန်ကတည်းက ကြောက်လိုက်တာ ယူပြီးတဲ့ အထိကို ကြောက်တုန်းပဲ။

"ခွေးကောင် မင်းက ကိုယ့်ဦးလေးကို နှိမ်တာလားကွ မိန်းမဆိုတာ ကိုယ်လုပ်ရင် ခံရမှာ ကွ နိုင်တိုင်း အနိုင်မကျင့်ရဘူး"

"ဦးလေးရာ မဆဲပါနဲ့ မသိလို့ ပါ။ ဟီးဟီး ဆော်တီး ဆော်တီး"

"မင်းရွာကို အလည် ပြန်လာတာလား။ ရန်ကုန်မှာ အလုပ် လုပ်ရတာ အဆင်ပြေလား "

"ဟုတ်ပြေပါတယ် အလုပ် လုပ်ရင်း ဝါသနာအရ စာလေး ဘာလေးလည်း ရေးတယ်ဗျ"

"ဟေ ဟုတ်လား ဘာစာတွေ ရေးတာလဲကွ ပြောပါဦး"

"ပရလောက အကြောင်းပါ ဦးလေးရယ် ခုတော့ ရေးစရာ မရှိလို့ မရေးသေးဘူးဗျ"

"ဟကောင်ရ မင်းအတော် အတာပဲ ငါတို့ နဲ့ နပမ်းလုံးခဲ့တဲ့ ခွေးသရဲ အကြောင်း ထည့်ရေးကွာ"

"ဟာဟုတ်သားပဲ မေ့နေတာ တကယ်ဆို ကျွန်တော် ငယ်ငယ်တုန်းက ဖြစ်ခဲ့တဲ့ အကြောင်းကို ရေးရမှာ တကယ့် အဖြစ်မှန်ပဲဗျ သွားပြီး ရေးလိုက်ဦးမယ်"

ကျွန်တော်လည်း အိမ်ပြန်လာကာ ဖုန်းလေးယူပြီး အိမ်ရှေ့က သစ်ပင်အောက်ကို လာပြီး ငယ်ငယ်တုန်းက အကြောင်းကို ရေးလိုက်တယ်။ လွန်ခဲ့တဲ့ ၇နှစ်လောက်က ကျွန်တော်ဟာ ရန်ကုန် မရောက်သေးဘူးဗျ။ အသက်ကလည်း ၁၃နှစ် ရှိသေးတာ တောသွားပြီး နွားကျောင်းလိုက် ညနေကျ ရွာထဲ ပြန်လာလိုက်နဲ့ နေ့စဉ် အလုပ်ကို ဖြစ်နေတာ။